# Coronavirus Disease 2019(COVID-19)
# ကာကွယ်၊ထိန်းချုပ်ရေးနှင့်ပတ်သက်၍
# စက်ရုံ၊အလုပ်ရုံများ၊လုပ်ငန်းခွင်များတွင်ဆောင်ရွက်ထားရမည့်အချက်များ

၁၉-၄-၂၀၂၀

- COVID-19 လက္ခဏာများဖြစ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်းစသည်တို့ ခံစားနေရသော အလုပ်သမားများကို လုပ်ငန်းခွင်သို့ မလာရောက်စေဘဲ ကျန်းမာရေးဌာနသို့ သွားရောက်ဆေးကုသမှုခံယူနိုင်ရန် စီစဉ်ပေးခြင်း၊
- ဝန်ထမ်းကြို/ပို့ခြင်းကိစ္စရပ်များတွင်
  - အလုပ်သမားများအား အလုပ်တက်/ဆင်းပြုလုပ်ရန်အတွက် ဝန်ထမ်းကြို/ပို့ယာဉ်များ လုံလောက်စွာ စီစဉ်ဆောင်ရွက်ထားခြင်း၊
  - အဆိုပါဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် လက်သန့်စင်ဆေးရည်၊ တစ်ခါသုံးတစ်ရှူး၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)များ ထားရှိပေးခြင်း၊
- လုပ်ငန်းခွင်ဝင်/ထွက်ပေါက်များတွင်
  - အလုပ်တက်/ဆင်းချိန်များ၌ လူစုလူဝေးမဖြစ်ပေါ်စေရန် တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာမှခွာ၍ အဝင်အထွက်ပြုလုပ်နိုင်ရန်နှင့် အလုပ်ဌာနအလိုက် အလုပ်တက်/ဆင်းချိန် ခွဲခြားသတ်မှတ်ပေးခြင်း၊
  - ကိုယ်အပူချိန်တိုင်းတာသည့်စက်များ (Non-Touch Thermometer) (သို့မဟုတ်) (Thermal Scanner) တပ်ဆင်ထားပေးခြင်း
  - အလုပ်သမားများ အလုပ်တက်ရောက်ခြင်းရှိ/မရှိ ဆန်းစစ်ရာ၌ စာရွက်ပေါ်တွင် စုရုံးလက်မှတ်ထိုးခြင်း၊ Fingerprint scanners အသုံးပြုခြင်းတို့ကို ရှောင်ကြဉ်စေပြီး ကြီးကြပ်ရေးမှူးများအားတာဝန်ချထား၍ အလုပ်တက်ရောက်ခြင်း ရှိ/မရှိ ကြီးကြပ်ဆောင်ရွက်ပါ။
- အလုပ်သမားများအတွက် ပါးစပ်နှင့်နှာခေါင်းစည်းများ၊ လက်အိတ်များ အလုံအလောက် ထားရှိပေးခြင်း၊
- လုပ်ငန်းခွင်သို့လာရောက်သောအလုပ်သမားအရေအတွက်ကိုနေ့စဉ်မှတ်တမ်းတင်ထားခြင်း၊ အလုပ်သမားများ၏ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်များကိုလိုအပ်ပါက အချိန်မရွေးဆက်သွယ်နိုင်ရန် အဆင်သင့်ပြုစုထားခြင်း
- လုပ်ငန်းခွင်ဝင်/ထွက်ပေါက်များ၊လုပ်ငန်းခွင်အတွင်း၊ထမင်းစားခန်း၊နားနေခန်း၊ သန့်စင်ခန်းများတွင်-

- လက်ဆေးမည့်နေရာများ (ဖြစ်နိုင်ပါက ခြေနင်းဖြင့် အဖွင့်အပိတ်လုပ်နိုင်သော လက်ဆေးရန်နေရာ) ကို လုံလောက်စွာ စီစဉ်ဆောင်ရွက်ပေးခြင်း၊ လက်ဆေးရန် လိုအပ်သောပစ္စည်းများ (ဆပ်ပြာ၊ ရေ၊ လက်သန့်စင်ဆေးရည်၊ တစ်ရှူးစက္ကူများစသည်)တို့ကို အလုံအလောက်ရရှိစေရေး စီစဉ်ဆောင်ရွက် ပေးခြင်း၊
- စနစ်တကျလက်ဆေးနည်း ပိုစတာများကို ကပ်ထားပေးခြင်း၊
- လေဝင်လေထွက် ကောင်းမွန်အောင် တတ်နိုင်သမျှ စီစဉ်ဆောင်ရွက်ပေးခြင်း

- အလုပ်သမားတစ်ဦးနှင့်တစ်ဦး (၆) ပေအကွာအလုပ်လုပ်နိုင်ရန်၊နားနေနိုင်ရန်၊ ထမင်းစားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း
- ပိုးသတ်သန့်စင်ခြင်းကိစ္စရပ်များအတွက်အလုပ်သမားများနေ့စဉ်ထိတွေ့ကိုင်တွယ်သောနေရာများ၊ပစ္စည်းကိရိယာများကိုစနစ်တကျပိုးသတ်သန့်စင်ရန်စီစဉ်ဆောင်ရွက်ထားခြင်း
- သံသယဖြစ်ဖွယ်လက္ခဏာများခံစားနေရပြီးဆေးကုသမှုခံယူနေရသောဝန်ထမ်းများ၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်ရရှိထားသောအလုပ်သမားများစာရင်းကိုသက်ဆိုင်ရာကြီးကြပ်ရေးမှူးများမှတစ်ဆင့်အထက်အကြီးအကဲအဆင့်ဆင့်နှင့်ကျန်းမာရေးဌာနသို့ သတင်းပို့နိုင်ရန်စီစဉ်ထားခြင်း၊
- အလုပ်သမားများ၏အတူနေမိသားစုဝင်တစ်ဦးဦးသည် သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရပါကလည်း သက်ဆိုင်ရာကြီးကြပ်ရေးမှူးများကို သတင်းပို့နိုင်ရန် စီစဉ်ထားခြင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန